# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (28-12-2010) (၆၆၂၆)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

## ဝန်ကြီး ဦးလွန်းသီ ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(ပုသိမ်) လုပ်ငန်းခွင်သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာက လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လက်ရှိစက်ရုံ၏ Pre Commissioning နှင့် Commissioning စမ်းသပ်လည်ပတ်လျက်ရှိရာ Technical Process မှန်ကန်စွာဖြင့် နည်းစဉ်အဆင့်တိုင်းကို စနစ်တကျ ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်သွားကြရန်နှင့် စက်ရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းသွားကြရန် မှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးက စက်ရုံတည်ဆောက်ရေးစီမံကိန်းတွင် ဆောင်ရွက်လျက်ရှိသော ပြည်ပပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေးလမ်းပိုင်း မကြာမီဖွင့်လှစ်တော့မည်

### ရန်ကုန်မှ မန္တလေးသို့ ၇ နာရီခန့်ဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီ

သတင်းဆောင်းပါး - ရန်ကြီးအောင်
ဓာတ်ပုံ - အေးမင်း

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်ခြင်းသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စု၏ နယ်မြေတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့သာမက တိုင်းရင်းသားများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် လမ်း၊ တံတားများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ပေးလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် နေပြည်တော်ကို ဗဟိုပြုလျက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ လွယ်ကူစွာ သွားလာဆက်သွယ်နိုင်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကိုလည်း တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ အဆိုပါ ပြည်ထောင်စုလမ်းကွန်ရက်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

### Solar Lamp တပ်ဆင်တံတား



နေပြည်တော်-မန္တလေး လမ်းပိုင်းတစ်နေရာတွင် Solar Lampများ တပ်ဆင်ထားသော တံတားတစ်စင်းကို တွေ့ရစဉ်။

| ထူးခြားသည့် ညအပူချိန်များ (၂၇-၁၂-၂၀၁၀) | ပင်လောင်း | ဟဲဟိုး | ဟားခါး |
|---|---|---|---|
| | (-၄) ဒီဂရီစင်တီဂရိတ် | (-၂) ဒီဂရီစင်တီဂရိတ် | (-၁) ဒီဂရီစင်တီဂရိတ် |

ကြေးမုံ The Mirror

၂၈-၁၂-၂၀၁၀
(အင်္ဂါနေ့)

# အသိအမြင်ရှင်းလင်းအောင် စည်းရုံးဦးဆောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက်မောင်းနှင်အားဖြစ်သည် အမျိုးသားပညာရည်မြင့်မားစေရေး နှစ်ရှည် နှစ်တို စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ မဖြစ်မနေရယူ အသုံးပြုနေကြပြီဖြစ်သည်။ အီလက်ထရွန်နစ် သတင်းအချက်အလက်ထုတ်လွှင့်မှုစနစ် ထူထောင်ပေးထားသဖြင့် တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းများ၌ သတင်းအချက်အလက်များ၊ ဘာသာရပ်သင်ခန်းစာများတွင် အသုံးပြုလေ့လာနိုင်လျက်ရှိသည်။

ပညာရေးကဏ္ဍအနေဖြင့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်သာမက ဝိဇ္ဇာပညာရပ်များလည်း ဟန်ချက်ညီညီ မြင့်မားလာစေရေးဆောင်ရွက်ကြရပေမည်။ ဝိဇ္ဇာပညာရပ်များနှင့်အတူ အသိပညာရှင်၊ အတတ်ပညာရှင်များ ခေတ်နှင့်တစ်ပြေးညီ ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရား ပိုမိုပြည့်ဝစေမည်ဖြစ်သည်။

ပြည်သူအများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မား ကောင်း၊ ဆိုး၊ မှန်၊ မှား ချင့်ချိန်နိုင်ခြင်းဖြင့် ဥပဒေ စည်းကမ်းဖောက်ဖျက်မှုများ ကင်းရှင်းသည့် တည်ငြိမ်အေးချမ်းသော လူ့ဘောင်အဖွဲ့အစည်း တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာနေစေရေး ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးနေကြရမည် ဖြစ်သည်။

အခြေခံပညာဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူလူငယ်များကို စာပေသင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး အောင်မြင်တိုးတက်မှုများရသည်အထိ လမ်းမှန်ညွှန်ပြပေးနေသူများဖြစ်သည်။ လူငယ်လူရွယ်များအား စာပေပညာထူးချွန်ထက်မြက်အောင် သင်ကြားပေးကြရပေမည်။ အတွေးအမြင် စိတ်ဓာတ်နှင့် အမူအကျင့်၊ အလေ့အထကောင်းများရရှိစေရေး ပုံဖော်ထုဆစ် ပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါသည် ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ ဆရာ၊ ဆရာမများအားလုံးက မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူများအားလုံး အမျိုးသားရေး မျှော်မှန်းချက်များပိုမိုရှင်းလင်းစွာ သိမြင်နိုင်စေရေး စည်းရုံးဦးဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

# Sawe Taw Distribution Group ရုံးခန်းသစ်ဖွင့်ပွဲနှင့် KTM သောက်ရေသန့် စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

Sawe Taw Distribution Group ရုံးခန်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ရာဇဌာနီလမ်း အမှတ်(၃၀၅၈)၌ ကျင်းပရာ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီခန့်စည်သူ၊ မေမြတ်ကျော်နှင့် မော်ဒယ် မေဂရေစ့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** Sawe Taw Distribution Group မှ ဒေါ်သီသီနွဲ့က ပင်မဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဦးစိုးမြင့်အောင်က ရုံးခန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ Sawe Taw Distribution Group မှ မြန်မာပြည် တစ်ဝန်းလုံးသို့ တစ်ဦးတည်း တာဝန်ယူ ဖြန့်ချိမည့် KTM RO DRINKING WATER စာနယ်ဇင်းမိတ်ဆက်ပွဲကို နေပြည်တော် ဟိုတယ်ဇုန်ရှိ SKY PALACE HOTEL & CAFE တွင် ကျင်းပရာ Sawe Taw Distribution Group မှ COMMERCIAL MANAGER အက်စတာနှင်းရည်က Sawe Taw Distribution Group နှင့် KTM သောက်ရေသန့်ကို စာနယ်ဇင်းများနှင့် မိတ်ဆက်ပေးသည်။

Sawe Taw Distribution Group မှ KTM သောက်ရေသန့်ကို တစ်ဦးတည်း တာဝန်ယူဖြန့်ချိမည်ဖြစ်သည်။ ဖြန့်ချိရေးကိုယ်စားလှယ်များ လက်လီလက်ကား ရောင်းဝယ်လိုသူများ လုပ်ငန်းရှင်များအနေဖြင့် ဖြန့်ချိရောင်းချလိုပါက Sawe Taw Distribution Group နေပြည်တော် ရာဇဌာနီလမ်း အမှတ်(၃၀၅၈) ဖုန်း-၀၆၇-၂၅၃၀၇၊ ၀၆၇-၂၅၇၆၆၊ ၀၉-၄၉၂၁ ၂၂၂၄၊ ၀၉-၄၉၂၁၂ ၂၂၅ နှင့် ၀၉-၄၉၂၁၂၂၂၆၊ ရန်ကုန်ရုံးခွဲ မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာ အမှတ် အေ(၆/၀၀၁) ဖုန်း-၀၉-၄၉၃၁၅၂၆၁ နှင့် ၀၉-၄၉၃၁၂၅၆၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၂၇

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒီဇင်ဘာ ၂၆ရက် နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော တတိယအကြိမ်မြောက် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူဆရာ၊ ဆရာမများနှင့် မိဘများအား တွေ့ဆုံနှုတ်ဆက်သည်။**

ထို့မှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ဖြေဆိုယှဉ်ပြိုင်**

အဆိုပါ အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲကို အခြေခံပညာအဆင့်မှစ၍ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေးအတွက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ကာ နှစ်စဉ်ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တို့တွင် ပထမရရှိသည့်ကျောင်းသား၊ ကျောင်းသူတစ်ဦးစီအား ဗဟိုအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ယခုပညာသင်နှစ်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းတို့မှ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ထူးချွန်သူ တစ်ဦးကျစီ ဖြေဆိုယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော တတိယအကြိမ်မြောက် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# နိုင်ငံ့ဂုဏ်ဆောင် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့အား ဂုဏ်ပြုပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ကျင်းပသော (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တာဝန်ခံပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ နည်းပြများနှင့် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့ မောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါခဲ့သည့် ဒဂုံတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်ဦးဆန်းက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံ့ဂုဏ်ဆောင် မြန်မာနိုင်ငံ တက္ကသိုလ်အားကစားအဖွဲ့ဝင် မောင်မယ်တို့အား ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းက ဂုဏ်ပြုဧည့်ခံဖျော်ဖြေခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)





# ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးမည်ဖြစ်၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများသည် (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) အမှတ်စာရင်းမိတ္တူနှင့်တကွ လျှောက်လွှာများကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အမှတ်(၁၀၁) (A/B)မြေညီထပ် ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ဖုန်း-၀၁-၅၄၉၃၃၉ သို့ (ရုံးချိန်အတွင်း)ဆက်သွယ်ပေးပို့ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (သတင်းစဉ်)

**ဆုချီးမြှင့်**

**၂၀၀၉-၂၀၁၀ ပညာသင်နှစ် အထက (၄) သန်လျင်၏ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌေးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသော မငုဝါဝင်းအား ဆုချီးမြှင့်စဉ်။**

(ပညာရေး)



✪ **ရှေ့ဖုံးမှ**

ဆက်လက်၍ စက်ရုံဝင်း အတွင်းရှိ Control Room (ပင်မထိန်းချုပ်ခန်း)မှ တစ်ဆင့် Ammonia နှင့် Urea ထုတ်လုပ်သည့် စက်များကို DCS (Distributed Control System) စနစ်ဖြင့် ထိန်းချုပ်နေမှု၊ Primary Reformer တွင် Ammonia Production အပိုင်း၏ ကနဦး လုပ်ငန်းစဉ်ဖြစ်သော Primary Reformer Gas Banner ဖြင့် အပူပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝန်ကြီး ဦးလှထွန်း ပုသိမ်မြို့၌ ဝန်ကြီးဌာနဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၇

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အခမ်းအနားတွင် အစီအစဉ်အရ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ မြန်မာ့ အသေးစားချေးငွေလုပ်ငန်း၊ ပင်စင်ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများမှ တိုင်းဒေသကြီးအဆင့် တာဝန်ခံအရာရှိများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန်နှင့် စေတနာအရင်းခံပြီး ချိုသာပြေပြစ်စွာ ဆောင်ရွက်ခြင်း၊ ရိုးဖြောင့်မှန်ကန် တာဝန်သိစွာ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ဌာနတာဝန်ခံများအနေဖြင့် ဌာနအလိုက် လျာထားချက် ပြည့်မီကျော်လွန်သည့် အခြေအနေတွင်သာ တင်းတိမ်ရောင့်ရဲမနေဘဲ ဌာနအလိုက် ဖြစ်သင့်ဖြစ်ထိုက် ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးဝန်ဆောင်မှုကဏ္ဍ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်ကြရန်နှင့် ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန် ဖြစ်ကြောင်း စသည်ဖြင့်အကျယ်တဝင့် မှာကြားသည်။



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ဧရာဝတီတိုင်းဒေသကြီး မန်နေဂျာရုံးနှင့် ပုသိမ်ခရိုင်ဘဏ်တို့တွင် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတို့မှ အင်တိုက်အားတိုက် ပံ့ပိုးဖြည့်ဆည်းကြရေး အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည့်ရက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၁ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကို အောက်ဖော်ပြပါ နေ့ရက်များအလိုက် ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှ တန်ခူးလဆန်း ၅ ရက်(သောကြာနေ့)အထိ၊ ၃၀-၃-၂၀၁၁ မှ ၈-၄-၂၀၁၁ အထိ၊ ၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)မှအပ ကျင်းပမည်။

ပထမပြန်စာမေးပွဲများကို မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့၌ ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (တနင်္လာနေ့)မှ တပေါင်းလပြည့်ကျော် ၉ ရက်(တနင်္လာနေ့)အထိ၊ ၂၁-၃-၂၀၁၁ မှ ၂၈-၃-၂၀၁၁ အထိ ၊ ၂၇-၃-၂၀၁၁(တပ်မတော်နေ့)မှအပ ကျင်းပမည်ဖြစ်ပြီး ကချင်၊ ချင်း၊ ကရင်၊ ကယားနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှ တန်ခူးလဆန်း ၃ ရက် (ဗုဒ္ဓဟူးနေ့)အထိ၊ ၃၀-၃-၂၀၁၁ မှ ၆-၄-၂၀၁၁အထိ၊ ၆-၄-၂၀၁၁(တနင်္ဂနွေနေ့)မှအပ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၄၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာ့ပထမဆုံး ကွန်ပျူတာစနစ်သုံး အဝေးပြေးယာဉ်လိုင်းသစ်ကို စတင်ပြေးဆွဲမည်၊ နိုင်ငံတစ်ဝန်းလုံးတွင် ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၄၀၀ ကျော်ရှိလာမည်၊ နေပြည်တော်တွင် 4D ရုပ်ရှင်ရုံ တည်ဆောက်လျက်ရှိ၊ ငွေဆောင်တွင် ရွက်လှေအခြေစိုက်စခန်း တည်ဆောက်မည်၊ CDMA800 MHz နှင့် 450 MHz နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သောကတ်များ ထုတ်လုပ်မည်၊ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင် ညအိပ်တည်းခိုနိုင်သည့် ဟိုတယ်များ ဖွင့်တော့မည်၊ ရွေ့လျားအသုံးပြုနိုင်သော WiMax ရန်ကုန်နှင့် မန္တလေးတွင် အကောင်အထည်ဖော်မည်၊ CDMA 450 MHz ဖုန်းအလုံးရေ ငါးသိန်းခန့်အထိ ချထားပေးမည်ဟုဆို၊ မြန်မာနိုင်ငံမွေး အတူဆုံးအမွှာပြိုင်ပွဲ လေးမျိုးကို ရှေ့လတွင် ကျင်းပမည်၊ သင်္ကြန်ကာလတွင် ကျိုင်းတုံ နှစ် ၆၀၀ ပြည့်ပွဲတော် ကျင်းပမည်၊ အမေများအဖွဲ့၏ အမေရွာတွင် မြေကွက်များ ထပ်မံလှူဒါန်း၊ အင်တာနက်ပါ အသုံးပြုနိုင်သည့် ကျပ်ငါးသိန်းတန် McWill တယ်လီဖုန်းကို ရှေ့လဆန်းမှစ၍ အကန့်အသတ်မရှိ ချပေးမည်၊ အလောင်းတော်ကဿပ သွားရာလမ်းကြောင်းသို့ GPS လမ်းညွှန်စနစ်ဖြင့် သွားရောက်နိုင်မည်၊ ပြင်ဦးလွင်၌ မြန်မာနိုင်ငံ၏ အကြီးဆုံးဂီတပွဲတော်ကြီး ကျင်းပခဲ့၊ ဗီယက်နမ်သံမဏိမြေမှ ကြေးခံတပ်ကြီးသို့ တစ်ခေါက်၊ ခါးပတ်နက်ရ ရုရှားဝန်ကြီးချုပ်၏ ဂျူဒိုကစားပုံကို ရုပ်မြင်သံကြားမှ ပြသ၊ ၄၁ နှစ်ကြာပြီးမှ နားထဲက ပုလဲလုံးကို ထုတ်ယူရရှိ၊ ၂၃ နှစ်ကြာ ဘီးတပ်ကုလားထိုင်ပေါ်၌နေခဲ့ရသည့် အမျိုးသမီး ရုတ်တရက် လမ်းထလျှောက်၊ ပင့်ကူလူသားအဖြစ် သရုပ်ဆောင်သည့် စတန့်မင်းသား အမြင့်မှ ပြုတ်ကျကာ အပြင်းအထန်ဒဏ်ရာရရှိ၊ ဂျိုပ်သားတို့ ယာဉ်ရပ်နားရာရှိသည်ဟုဆိုကာ ပန်းကန်ပြားပျံရှာဖွေသူများ ဝင်ရောက်လာသဖြင့် ရွာသူကြီးက စစ်တပ်ကိုပင်ခေါ်ခဲ့ရ၊ လက်ထပ်ပြီး ခြောက်လကြာမှ ခင်ပွန်းဖြစ်သူသည် အမျိုးသမီးဖြစ်နေမှန်း သိရ" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ရင်ခွင်သို့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း KNU/ KNLA ငြိမ်းချမ်းရေးကောင်စီမှ စောကျော်ကျော်ထက် ဦးစီးအင်အား ၁၁ ဦးသည် ကာဘိုင်နှစ်လက်၊ ၉-မမပစ္စတိုတစ်လက်၊ ကိုးလုံးကျည် သေနတ်ရှည် တစ်လက်၊ ကိုးလုံးကျည်သေနတ်တို တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်အိမ်မျိုးစုံ သုံးခု ကျည်မျိုးစုံ ၂၉ တောင့်၊ လမ်းလျှောက်စကားပြောစက်မျိုးစုံ သုံးလုံးတို့ဖြင့် လဲလှယ်ဝင်ရောက်ခဲ့သည်။

အဆိုပါ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်သူတို့အား တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်မည့်သူများ ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မျက်စိအထူးကုဆရာဝန်များအဖွဲ့ ပုပ္ပားတောင်ကလပ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ မျက်စိအခမဲ့ကြည့်ရှုကုသပေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း အခမဲ့ကြည့်ရှုကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

သုတေသနအဖွဲ့သည် အလွန်အမင်း ဖိအားပေးနိုင်စွမ်းရှိသော စက်ကိရိယာ တစ်မျိုးကို အသုံးပြုကာ သဘာဝစိန်ထက် ပိုမိုမာကျောသောစိန်ကို ဖန်တီးထုတ်လုပ်ခဲ့သည်။

ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်လိုက်သော ကမ္ဘာ့အမာဆုံး စိန်မှာ ထုလုံးရှည်(ဆလင်ဒါ) ပုံသဏ္ဍာန်ရှိပြီး ယင်းစိန်ကို "ဟီမဲစိန်" (Hime) ဟု ဂျပန်ဘာသာစကားဖြင့် အမည်ပေးထားသည်။

သိပ္ပံပညာရှင်များသည် ၂၀၀၃ ခုနှစ်က စိန်တုကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ သို့ရာတွင် ထိုစဉ်က အချင်း တစ်မီလီမီတာ အထိသာရှိသော စိန်များကို ထုတ်လုပ်နိုင်သည်။ ယခုအခါတွင်မူ သိပ္ပံပညာရှင်များက အချင်း တစ်စင်တီမီတာထက်ပိုမို ကျော်လွန်သော စိန်များကို ထုတ်လုပ်နိုင်ပြီဖြစ်သည်။

သိပ္ပံပညာရှင်များက နောက်ဆုံး တီထွင်ထုတ်လုပ်ထားသော စိန်မှာ ပယင်းရောင် အသွေးအရောင်ဖြစ်သည်။

ကမ္ဘာ့အမာဆုံး စိန်များကို စက်မှုလုပ်ငန်းအမျိုးမျိုး၌ အသုံးပြုလာဖွယ်ရှိသည်။

ကမ္ဘာ့အမာဆုံးစိန်များကို စီးပွားဖြစ် ထုတ်လုပ်သွားရန် သိပ္ပံပညာရှင်များက မျှော်မှန်းထားသည်။

***အင်တာနက်။***

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၂-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၄။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄:၂၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၉။ အင်္ဂလိပ်စာသုတ
- ၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၂)**
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
- ၆:၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၂)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ဟာသရုပ်စုံ -သား နှင့် အပျို ကျင်ဝှက်၊ နောက်တိုးအဖွဲ့နှင့် ချစ်လူလူ၊ ပေါ်ဦးအဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂၃။ မွေးမြူသုတ
- ၂၄။ သီချင်းလက်ဆောင်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၀)**
- ၂၇။ **Mini Series**
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

# ဓမ္မရောင်ခြည် စုပေါင်းသွေးလှူပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြတ်ဗုဒ္ဓ၏တရားတော်များ ပြန့်ပွားရေးအတွက် တရားခွေနှင့် တရားစာအုပ်များ ဓမ္မဒါန ငှားရမ်း၊ ဖြန့်ချိနေသော သိမ်ကြီးဈေး (စီရုံ) အဆောင်(၄) ပထမထပ်ရှိ ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း (ပင်မ)က ဦးစီး၍ အဌမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီ၌ အမျိုးသားသွေးဌာနတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများနှင့် အရေးပေါ်သွေးလှူဒါန်းလိုသူများ ဓမ္မရောင်ခြည်(ပင်မ) ဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၅၀၁၅၄၄၆ နှင့် ၀၉-၈၀၃၀၁၃၈ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# အထက(၃)သန်လျင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရက်မြတ်မင်္ဂလာခန်းမ (သန်လျင်မြို့မဈေးအနီး)၌ နဝမအကြိမ်မြောက် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာခင်ဇော် ဖုန်း-၀၁-၇၃၀၈၇၉၆၄၊ ဒေါက်တာထူးထူးကို ဖုန်း-၀၉-၅၁၅၃၉၈၀၊ ဦးအော်စကာ ဖုန်း-၀၅၆-၂၃၁၃၄ နှင့် ဦးအောင်ကျော် ဖုန်း-၀၅၆-၂၂၁၅၀ (Ext.၂၅၅)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# တစ်ကျော့ပြန် ဝက်တုပ်ကွေးရောဂါကြောင့် သီရိလင်္ကာ၌ လူ ၂၂ ဦးသေဆုံး

**ကိုလံဘို ဒီဇင်ဘာ ၂၇** - သီရိလင်္ကာနိုင်ငံ၌ ပြီးခဲ့သည့် နှစ်လတာကာလအတွင်း ဝက်တုပ်ကွေးရောဂါ (Swine Flu) ကြောင့် သေဆုံးသူ ၂၂ ဦး ရှိခဲ့ပြီး ရောဂါကူးစက်ခံရသူပေါင်း ၃၀၀ ကျော်ရှိခဲ့ကြောင်း သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

သီရိလင်္ကာအစိုးရက တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ အောက်တိုဘာ ၂၅ ရက်မှ ယခုကာလအထိ ဝက်တုပ်ကွေးရောဂါပိုး ( H1N1ဗိုင်းရပ်စ်) ကူးစက်ဝင်ရောက်မှုကြောင့် သေဆုံးသူ ၂၂ ဦးရှိခဲ့ပြီး ရောဂါကူးစက်မှုပေါင်း ၃၄၂ မှုရှိခဲ့ကြောင်း သိရသည်။

ဝက်တုပ်ကွေးရောဂါဖြစ်ပွားပါက လူ၏အဆုတ်ကို ထိခိုက်စေနိုင်ပြီး ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်သော အဆုတ်ရောင်ရောဂါကို ခံစားရမည်ဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် အေးမြသော ရာသီဥတုအခြေအနေတို့က H1N1ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုလွယ်ကူစေရန် တွန်းအားပေးနေသကဲ့သို့ဖြစ်ကြောင်း သီရိလင်္ကာအစိုးရ ကူးစက်ရောဂါဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

H1N1ဗိုင်းရပ်စ်ကူးစက်ဝင်ရောက်မှုမှ ကာကွယ်ရေးအတွက် အများပြည်သူများအနေဖြင့် လူစည်ကားထူထပ်သောနေရာများကို သွားရောက်ခြင်းမပြုရန် သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့ပြီး အများသုံးဖုန်းရုံများ၌ တစ်နေ့လျှင် အနည်းဆုံးရှစ်ကြိမ် ကာကွယ်ဆေးဖျန်းရန် သက်ဆိုင်ရာကို ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

၂၀၀၉ ခုနှစ်အတွင်း H1N1ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် လူထောင်နှင့်ချီ၍ သေဆုံးခဲ့ရာ ကမ္ဘာတစ်ဝန်း အထိတ်တလန့်ဖြစ်ခဲ့ရပြီးနောက် ယခုနှစ်သြဂုတ်လတွင် ဝက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကို ရပ်တန့်နိုင်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကြေညာခဲ့ပြီး ဖြစ်သည်။




၂၀၀၉ ခုနှစ်က ဝက်တုပ်ကွေးရောဂါ ကူးစက်မှုဖြစ်ပွားစဉ် အကာအကွယ် နှာခေါင်းစည်း ဝတ်ဆင်ထားသော သီရိလင်္ကာအမျိုးသမီးတစ်ဦး။

H1N1ဗိုင်းရပ်စ်သည် ဝက်မှတစ်ဆင့် လူသို့ ဝင်ရောက်နိုင်ခြင်းမရှိသော်လည်း လူအချင်းချင်းကိုမူ ကူးစက်နိုင်စွမ်းရှိသည်။ **အေအက်ဖ်ပီ။**



# လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးညီလာခံ (၁၀)နှစ်ပြည့်အထိမ်းအမှတ် အစ္စရေးတက်ရောက်မည်မဟုတ်

**ဂျေရုဆလင် ဒီဇင်ဘာ ၂၇**

အစ္စရေးနိုင်ငံကို လက်ညှိုးထိုးဝေဖန်ခဲ့သည့် ဇီယွန်ဝါဒကို လူမျိုးရေးခွဲခြားမှုဝါဒနှင့်ထပ်တူပြု ပုံဖော်ခဲ့သည့် ကုလသမဂ္ဂ လူမျိုးရေးခွဲခြားမှုဝါဒဆိုင်ရာ ညီလာခံကျင်းပခဲ့သော (၁၀)နှစ်မြောက် အခမ်းအနားသို့ တက်ရောက်မည်မဟုတ်ကြောင်း အစ္စရေးနိုင်ငံက ဒီဇင်ဘာ ၂၆ ရက်က ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ ဒါဘင်းမြို့၌ ၂၀၀၁ခုနှစ်က ကျင်းပခဲ့သော လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံသည် အစ္စရေးနိုင်ငံနှင့် ဂျူးလောကတစ်ခုလုံးကို မုန်းတီးမှုများ ဖြစ်ပေါ်စေရန်ပြုလုပ်ခဲ့သည့် ညီလာခံတစ်ခုဖြစ်ပြီး ယင်းညီလာခံ၌ ဂျူးဆန့်ကျင်ရေးလေသံများ ထွက်ပေါ်ခဲ့ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၂၀၀၁ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေး ကမ္ဘာ့ညီလာခံ၌ အစ္စရေးနိုင်ငံနှင့် ဇီယွန်ဝါဒကိုဝေဖန်သည့် ဆုံးဖြတ်ချက်မူကြမ်း တစ်ရပ်အားချမှတ်ခဲ့ရာ အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့က ယင်းလုပ်ရပ်အား ကန့်ကွက်သည့်အနေဖြင့် ညီလာခံမှထွက်ခွာခဲ့ကြသည်။

လာမည့်နှစ် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည့် ဝန်ကြီးများအဆင့် နှစ်စဉ်အစည်းအဝေးပွဲ၌ ၂၀၀၁ လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးညီလာခံ (၁၀) နှစ်ပြည့်အထိမ်းအမှတ်ကို ပြုလုပ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာ ၂၄ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

လူမျိုးရေးခွဲခြားမှုများသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေဆဲဖြစ်ကြောင်း ခံယူထားသောနိုင်ငံများက ၂၀၀၁ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးညီလာခံ (၁၀) နှစ်ပြည့်အထိမ်းအမှတ်ကို ကျင်းပရန် လိုလားဆန္ဒရှိကြသည်။ **အေပီ။**



အသက်ရှင်လျက် မြေမြှုပ်သင်္ဂြိုဟ်ခံရမည့်ဘေးမှ လွတ်မြောက်ခဲ့သော ဘရာဇီးဘွားကံကောင်း။

# ဘရာဇီးအဘွားအိုတစ်ဦး အသက်ရှင်လျက် မြေမြှုပ်သင်္ဂြိုဟ်ခံရမည့်အဖြစ်မှ လက်မတင်လေး လွတ်မြောက်

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၇**

ပြီးခဲ့သည့် ရက်သတ္တပတ်က သေဆုံးခဲ့ပြီဖြစ်ကြောင်း အတည်ပြုကြေညာခံခဲ့ရသော ဘရာဇီးနိုင်ငံမှ အသက် (၈၈) နှစ်အရွယ် အဘွားအိုတစ်ဦးသည် ခေါင်းတလားအတွင်း နှစ်ရက်ကြာရောက်ရှိခဲ့ပြီးနောက် အံ့သြဖွယ် အသက်ပြန်ရှင်လာခဲ့ရာ အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ခံရမည့်ဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့ကြောင်း ဒီဇင်ဘာ ၂၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

မာရီယာဒက်ဇ်ဒိုးရက်စ်ဒါကွန်ဆေကာအိုအမည်ရှိ အဘွားအိုသည် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံအရှေ့ပိုင်း အိုက်ပါတင်ဂါမြို့ဆေးရုံက ဒီဇင်ဘာ ၂၂ ရက်တွင် အတည်ပြုကြေညာခဲ့သည်။ ယင်းသို့ ကြေညာပြီးနောက် ၎င်းအဘွားအိုကို မြှုပ်နှံသင်္ဂြိုဟ်ရန် ပြင်ဆင်ရေးအတွက် သုသာန်မြေသို့ ပို့ဆောင်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် သုသာန်ဝန်ထမ်းများက ဒါကွန်ဆေကာအိုအား ထည့်သွင်းထားသော ခေါင်းတလားအတွင်းမှ အသက်ရှူသံနှင့် လှုပ်ရှားသံများထွက်ပေါ်နေမှုကို သတိပြုမိခဲ့ရာမှ ယင်းအဘွားအိုမှာ အသက်ရှင်လျက်ရှိသေးကြောင်း သိရှိကာ အိုက်ပါတင်ဂါ ဆေးရုံအထူးကြပ်မတ်ကုသမှုဌာနသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

ဆေးရုံသို့ပြန်လည်ရောက်ရှိချိန်၌ အဘွားအို၏ အခြေအနေမှာ ယခင်ကထက် ပိုကောင်းမွန်ပုံရကြောင်း ၎င်း၏ မြေးတစ်ဦးက ပြောကြားသည်။

အဘွားအိုဒါကွန်ဆေကာအိုကို အဘယ်ကြောင့် သေဆုံးကြောင်း ကြေညာခဲ့ပြီး သေစာရင်းလက်မှတ်ထိုးပေးခဲ့သည်အား ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အိုက်ပါတင်ဂါမြို့တော်ဝန်က ကြေညာသည်။

ဒါကွန်ဆေကာအိုသည် သွေးတိုးရောဂါ၊ သွေးကြောနှင့် သက်ဆိုင်သော ရောဂါတစ်မျိုးနှင့် အယ်လ်ဇိုင်းမားရောဂါကြောင့် စိတ်ပိုင်းဆိုင်ရာဝေဒနာများခံစားခဲ့ရသူဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ဆေးရုံသို့ စတင်ရောက်ခဲ့သည်။ **အင်တာနက်။**

# သြစတြေးလျနိုင်ငံမြောက်ပိုင်း ရေလွှမ်းမိုးမှုဖြစ်ပွားရာ မြို့တစ်မြို့၏ လမ်းများပေါ်၌ မိကျောင်းများသွားလာနေ

ဆစ်ဒနီ ဒီဇင်ဘာ ၂၇ - **သြစတြေးလျနိုင်ငံမြောက်ပိုင်း အပူပိုင်းဒေသ၌ ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိရာ ရေလွှမ်းရာဒေသများ၌ မိကျောင်းကောင်ရေအများအပြား တွေ့ရှိနေရခြင်းကြောင့် မိကျောင်းအန္တရာယ်သတိပေးချက်ကို ထုတ်ပြန်ခဲ့ရကြောင်း သြစတြေးလျတာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။**

သြစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် အင်ဂ်ဟမ်းမြို့အနီး ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှု အန္တရာယ်မှာ လျော့ပါးခဲ့ပြီဖြစ်သော်လည်း ယင်းဒေသအတွင်း ရေငန်မိကျောင်းအများအပြားကို ဒေသခံများက တွေ့ရှိခဲ့ကြောင်း မြို့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေလွှမ်းမိုးမှုဖြစ်ပွားစဉ်အတွင်း မိကျောင်းများ တွေ့ရှိမှုနှင့် ပတ်သက်၍ သတင်းပေးပို့မှုများသည် မိမိတို့ဒေသအတွင်း ပေါ်ပေါက်နေကျဖြစ်ကြောင်း အင်ဂ်ဟမ်း ယာယီမြို့တော်ဝန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။



သြစတြေးလျနိုင်ငံ ကမ်းရိုးတန်းဒေသကို အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း “တာရှာ” ဖြတ်ကျော်ဝင်ရောက်ပြီးနောက် ကွင်းစလန်ပြည်နယ်အတွင်း နေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

၁၉၉၉ ခုနှစ်၌ ယင်းဒေသများ၌ မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့စဉ် ငါးနှစ်အရွယ် ကလေးတစ်ဦး ပျောက်ဆုံးခဲ့ဖူးရာ ၎င်းကို မိကျောင်းတစ်ကောင်က တိုက်ခိုက်ခဲ့ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အေအက်ဖ်ပီ။**

# ၂၀၁၀ ခုနှစ်အတွင်း သဘာဝဘေးဥပဒ်များကြောင့် စီးပွားရေးအရ ဒေါ်လာ ၂၂၂ ဘီလီယံဖိုး ဆုံးရှုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၇** - ကမ္ဘာတစ်ဝန်း၌ ၂၀၁၀ ခုနှစ်အတွင်း သဘာဝကပ်ဘေးဆိုက်ရောက်မှုများနှင့် လူ့ပယောဂကြောင့်ဖြစ်ရသော ဘေးအန္တရာယ်များကြောင့် စီးပွားရေးအရ ဆုံးရှုံးရမှုများမှာ အမေရိကန်ဒေါ်လာ၂၂၂ ဘီလီယံဖိုးရှိကြောင်း အာမခံလုပ်ငန်းကုမ္ပဏီ ဆွစ်ရီက ထုတ်ပြန်သောအစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် ၂၀၀၉ ခုနှစ်က သဘာဝနှင့် လူ့ပယောဂကြောင့်ဖြစ်ရသော ဘေးအန္တရာယ်များကြောင့် စီးပွားရေးအရ ဆုံးရှုံးရမှု ဒေါ်လာ ၆၃ ဘီလီယံတန်ဖိုးနှင့် နှိုင်းယှဉ်လျှင် ဆုံးရှုံးရမှုတန်ဖိုးသုံးဆကျော် မြင့်တက်လာကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၁၀ ခုနှစ်တွင် သဘာဝနှင့် လူ့ပယောဂဆိုင်ရာ ဘေးအန္တရာယ်များကြောင့် ကမ္ဘာတစ်လွှားရှိ အာမခံလုပ်ငန်းကုမ္ပဏီများက ဒေါ်လာ ၃၆ ဘီလီယံ ပေးလျော်ခဲ့ရကြောင်း၊ ယင်းမှာ ၂၀၀၉ ခုနှစ် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ၃၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်တွင် သဘာဝနှင့် လူ့ပယောဂဆိုင်ရာ ဘေးအန္တရာယ်များကြောင့် သေဆုံးရ သူ ၂၆၀၀၀၀ ခန့်ရှိခဲ့ရာ ၁၉၇၆ ခုနှစ်နောက်ပိုင်း အများဆုံးလူသေဆုံးရမှု ဖြစ်သည်။ ၂၀၀၆ ခုနှစ်ကမူ အလားတူ သေဆုံးရသူ ၁၅၀၀၀ ခန့် ရှိခဲ့သည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း ဟေတီနိုင်ငံတွင် မြေငလျင်လှုပ်ခဲ့ရာ လူအမြောက်အမြား သေဆုံးခဲ့ရသည်။ ဟေတီမြေငလျင်ကြောင့် လူ ၂၂၂၀၀၀ ကျော်အထိ သေဆုံးခဲ့ရသည်ကို တွေ့နိုင်သည်။

၂၀၁၀ ခုနှစ်အတွင်း ရုရှားနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၁၅၀၀၀ သေဆုံးခဲ့သည်။ တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် နွေရာသီရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူ ၆၂၂၅ ဦး သေဆုံးခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



လူပေါင်း နှစ်သိန်းကျော် သေဆုံးခဲ့ရသော ဟေတီငလျင်ကြောင့် ပျက်စီးခဲ့ရသည့် ပေါ်တိုပရင့်စ်မြို့တော်။

ချီလီနိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း အင်အား ၈ ဒသမ ၈ ရှိ မြေငလျင်လှုပ်ခဲ့ရာ လူပေါင်း ၈၀၀ ခန့် သေဆုံးခဲ့ရသည်။

ဧပြီလတွင် တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ် ယူရှုးဒေသ၌ အင်အား ၇ ဒသမ ၁ ရှိမြေငလျင်လှုပ်ခဲ့ရာ လူပေါင်း ၃၀၀၀ခန့် သေဆုံးခဲ့ရပြီး လူပေါင်း ၁၀၀၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ **အင်တာနက်။**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကို ကုလအတွင်းရေးမှူးချုပ် ရှုတ်ချ

**မိုင်ဒူဂူရီ ဒီဇင်ဘာ ၂၇** - နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း၌ ခရစ္စမတ်ပွဲတော်အကြိုနေ့ ဒီဇင်ဘာ ၂၃ ရက်တွင် ဖြစ်ပွားခဲ့သော လူ ၃၈ ဦးသေဆုံးခဲ့ရသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လက်သင့်ခံနိုင်ဖွယ်မရှိသည့် အပြုအမူများအဖြစ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရှုတ်ချခဲ့ကြောင်း ဒီဇင်ဘာ ၂၇ ရက်သတင်းများတွင် ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူတို့၏ ကျန်ရစ်သူမိသားစုများကို စာနာထောက်ထားကြောင်း ဖော်ပြထားသော စာတစ်စောင်အား ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပေးပို့ခဲ့သည်။ တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သူများအား တရားဥပဒေအရ ပြစ်ဒဏ်စီရင်ရန် နိုင်ဂျီးရီးယားအစိုးရ၏ ကတိကဝတ်ကိုလည်း ထောက်ခံအားပေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ခရစ္စမတ်အကြိုကာလ၌ နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ ယင်းနိုင်ငံ၏ မြောက်ပိုင်း၌ ခရစ်ယာန်ဝတ်ကျောင်းတစ်ခုကို လက်နက်ကိုင်တစ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ခြောက်ဦးသေဆုံးခဲ့ရသည်။

ယင်းအပြင် နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း ဂျို့စ်မြို့၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ၃၂ ဦးသေဆုံးခဲ့ရသည်။ ဗုံးပေါက်ကွဲမှုနှစ်ရပ်သည် ခရစ္စမတ်ပွဲတော်ကာလ ဈေးဝယ်ထွက်သူများဖြင့် စည်ကားသော ဈေးတစ်ဈေးအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တတိယဗုံးပေါက်ကွဲမှုသည် ဂျို့စ်မြို့အတွင်း ခရစ်ယာန်အများစုနေထိုင်ရာ နယ်မြေအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စတုတ္ထဗုံးပေါက်ကွဲမှုမှာ မြို့တွင်းလမ်းတစ်လမ်းအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

# ဝန်ကြီး ဦးညဏ်ဝင်းအား ဗီယက်နမ်နိုင်ငံ ရှေ့နေများအသင်းဥက္ကဋ္ဌနှင့် အာဆီယံရှေ့နေများအသင်း သဘာပတိ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရှေ့နေများအသင်းဥက္ကဋ္ဌနှင့် အာဆီယံရှေ့နေများအသင်း သဘာပတိ H.E. Mr. Phan Quoc Anh နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အာဆီယံရှေ့နေများအသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရှေ့နေများအသင်းဥက္ကဋ္ဌနှင့် အာဆီယံ ရှေ့နေများအသင်း သဘာပတိ H.E. Mr. Phan Quoc Anh နှင့် အဖွဲ့လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရန်ကုန်စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၇-၁၉၇၁ ပညာသင်နှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ယင်းနေ့ည ၆ နာရီတွင် လည်းကောင်း ရန်ကုန်မြို့ရှိ Western Park II Restaurant ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးလှငြိမ်း ဖုန်း-၀၉-၅၀၆၇၁၆၅၊ ဦးခင်မောင်မြ ဖုန်း-၅၄၁၅၄၅၊ ဒေါ်ခင်စိုးရည်(ကျိုက္ခမီ) ဖုန်း-၀၉-၅၀၄၂၀၇၇၊ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၅၁၆၅၂၄၈နှင့် ၀၉-၅၁၈၀၅၁၇၊ ဒေါ်ရီတာမြင့် ဖုန်း-၀၉-၅၀၀၆၁၉၂၊ ဦးစိုင်းသန်းဝင်း ဖုန်း-၇၃၀၃၃၅၆၅၊ ဦးစိုးဝင်းဦး ဖုန်း-၀၉-၈၆၁၉၉၂၉၊ ဦးရစ်ချတ်သန်းဦး ဖုန်း-၀၉-၅၁၆၈၂၅၁၊ ပဲခူးဦးသန်းဦး(မဏ္ဍိုင်) ဖုန်း-၀၉-၅၀၀၈၉၈၈၊ ဦးတင်ဝင်း (မိုးမိတ်) ဖုန်း-၀၉-၅၁၂၇၆၈၆၊ ဦးဝင်းမြိုင် ဖုန်း-၀၉-၅၁၂၂၆၅၁နှင့် ဦးရဲမြင့် ဖုန်း-၀၉-၅၀၄၈၈၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# နှလုံးသန်မာ လူကျန်းမာ စာအုပ်ထုတ်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဒေါက်တာဆရာမြင့် (စကြာမင်း)၏ "နှလုံးသန်မာ လူကျန်းမာ" စာအုပ်ကို ဒုတိယအကြိမ် ဖြည့်စွက်ချက်များနှင့် အတူ ရန်အောင်စာပေမှ ထုတ်ဝေ၍ တစ်ပြည်လုံးသို့ ဖြန့်ချိသည်ဟု သိရသည်။

ထိုစာအုပ်တွင် နှလုံးသို့မဟုတ် လူသားအင်ဂျင်၊ နှလုံးနှင့် သွေးအကြောင်း၊ နှလုံးရောဂါအကြောင်း သိကောင်းစရာ၊ အပူငြိမ်း နှလုံးအားတိုးဆေး၊ နှလုံးရောဂါအထောက်အကူပြု အစာအိမ် ဝမ်းမီးပြင်ဆေး၊ နှလုံးသွေးကြော အဆီပိတ်ရောဂါ ကုထုံးဆေးဝါးများ၊ ဝမ်းမီးနှင့် နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ရောဂါလက္ခဏာများ၊ နှလုံးသွေးကြော အဆီပိတ်ရောဂါ ကုထုံးဆေးချက်များ၊ နှလုံးအဆီပိတ် ရောဂါပျောက်ဆေးနည်းများ၊ နှလုံးအားတိုးဆေး-၁၊ နှလုံးအားတိုးဆေး-၂၊ မသန်းသန်းဌေးနှင့် နှလုံးရောဂါ၊ နှလုံးရောဂါ သက်သာပျောက်ကင်းစေသောဆေး၊ နှလုံးသွေးကြောကျယ်ရောဂါနှင့် ကုထုံးဆေးဝါးများ၊ သူနာလိုက်နာရမည့် အင်္ဂါလေးပါး၊ ရသာယန နှလုံးသည်းခြေဆေး၊ မစန်းစန်းဝေနှင့် နှလုံးသွေးပျက်ရောဂါ သို့မဟုတ် စိတ်ဂနာမငြိမ်ရောဂါ၊ နှလုံးအားနည်းရောဂါနှင့် ကုထုံးဆေးဝါးများ၊ နှလုံးရောဂါကို အစာအာဟာရဖြင့် ကာကွယ်ခြင်း၊ နှလုံးရောဂါကို စိတ်၊ စေတသိက်တို့ဖြင့် ကာကွယ်ခြင်း၊ အနေအထိုင်ဖြင့် နှလုံးရောဂါကို ကာကွယ်ခြင်း၊ ကိုညွန့်ဝေနှင့် နှလုံးကြွက်သားရောင်ရောဂါ၊ နှလုံးဖောရောဂါ ကုထုံးဆေးဝါးများ၊ နှလုံးအခြေခံသော လေးဖက်နာရောဂါ၊ ဦးတင်အောင်၏ နှလုံးရောဂါနှင့် သွေးတိုးရောဂါ၊ အပူနှလုံးရောဂါနှင့် အအေးနှလုံးရောဂါအကြောင်း သိကောင်းစရာများ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးတိုးရောဂါ၊ နှလုံးသွေးပိုတိုးရောဂါ၊ နှလုံးသွေးအားနည်းရောဂါ၊ နှလုံးသွေးခန်းခြောက်ရောဂါ၊ နှလုံးသွေးမသန့်ရောဂါ၊ နှလုံးကြွက်သား သွေးငတ်ရောဂါ၊ စိတ်ဖိစီးမှုနှင့် နှလုံးရောဂါ၊ စိတ်ဖိစီးမှုဆိုသည်မှာ အဘယ်နည်း၊ စိတ်ဖိစီးမှုကို တုံ့ပြန်ခြင်း၊ အချိန်ကာလကြာရှည်စွာ ခံစားနေရသည့် စိတ်ဖိစီးမှုကို တုံ့ပြန်ခြင်း၊ စိတ်ဖိစီးမှုကြောင့် ရုတ်တရက် နှလုံးခုန်ရပ်သွားခြင်း၊ စိတ်ဖိစီးမှုနှင့် နှလုံးသွေးကြောကျဉ်းခြင်း၊ စိတ်ဖိစီးမှုကြောင့် ဖြစ်သော နှလုံးရောဂါလူနာများ၊ စိတ်ဖိစီးမှုသည် စိတ်၌သာ ဖြစ်ပေါ်သည်။ စိတ်ဖိစီးမှု၏ မူလဇာစ်မြစ်ကို ထိန်းချုပ်ခြင်း၊ မသေချာမရေရာသောစိတ်နှင့် စိတ်ဖိစီးမှု၊ စိတ်ဖိစီးမှုဖြစ်စေသည့် မူရင်းဇာစ်မြစ်ကို ဖော်ထုတ်ခြင်း၊ အပန်းဖြေအနားယူခြင်းဖြင့် စိတ်ဖိစီးမှုကို ကုသခြင်း၊ တရားထိုင်ခြင်းဖြင့် စိတ်ဖိစီးမှုကို လျော့ကျခြင်း၊ အခြေခံဝိပဿနာရှုမှတ်အားထုတ်ခြင်းဖြင့် စိတ်ဖိစီးမှုကို ကုသခြင်း၊ မေတ္တာကရုဏာစိတ်မွေးမြူ၍ စိတ်ဖိစီးမှုကို ဖယ်ရှားခြင်း စသည်ဖြင့် စိတ်ဖိစီးမှုကြောင့်လည်း နှလုံးရောဂါကို ဖြစ်စေနိုင်သလို နှလုံးရောဂါကြောင့်လည်း စိတ်ဖိစီးမှုကို ဖြစ်ပေါ်စေသည်များကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်အောင် ရေးသားတင်ပြထားသည့်အပြင် နှလုံးရောဂါများနှင့် ပတ်သက်၍ မဖြစ်သေးလျှင် ကာကွယ်၍ ဖြစ်ခဲ့လျှင် သက်သာပျောက်ကင်းအောင် ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ မိမိကိုယ်တိုင် ကုသနိုင်သည်အထိ သမားတော်တစ်ဦးကဲ့သို့ ပြည့်စုံကောင်းမွန်သော လမ်းညွှန်မှုများ ပေးစွမ်းနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"နှလုံးသန်မာ လူကျန်းမာ" စာအုပ်ကိုတန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂ နှင့် ၀၉-၅၁၇၉၃၉၈မှ တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။ (သတင်းစဉ်)

# မိတ္ထီလာမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မိုးစပါးတစ်ဧကအထွက်နှုန်း မှန်ကန်စေရေးအတွက် မိတ္ထီလာမြို့နယ် ကဖြူကျေးရွာအုပ်စု ကွင်းအမှတ် (၇၃၂)တောင်သူဒေါ်ချိုချိုဝင်း၏ လယ်မြေ ၆ ဒသမ ၀၀ ဧကပေါ်တွင် စိုက်ပျိုးထားသော မနောသုခမိုးစပါးအား စံကွက်ရိတ်သိမ်းရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြင့်သိန်းနှင့် ခရိုင်စိုက်/ ညှိအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးငွေစိုးလွင်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းကြရာ မိုးစပါးတစ်ဧကအထွက်နှုန်း ၉၇ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။**(ယာပုံ)** (ခရိုင်ပြန်/ဆက်)



# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၁၂-၂၀၁၀ (အင်္ဂါနေ့)**

**[၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၇)ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၀ | ၂။ အောင်တော်မူ (စောမင်းနောင်၊ (စိုင်းညိုမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၂၅ | ၃။ ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ" |
| ၈း၀၀ | ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၀၅ | ၈။ အကပြိုင်ပွဲ |
| ၈း၁၅ | ၉။ နှောင်းခေတ်တေးပဒေသာ |
| ၈း၂၅ | ၁၀။ "နင်းကြည့်စမ်းပါ" |
| ၈း၄၀ | ၁၁။ International News |
| ၈း၄၅ | ၁၂။ တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၃။ အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ အတီးပြိုင်ပွဲ |
| ၄း၂၀ | ၃။ ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၄း၃၀ | ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၄း၄၅ | ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄း၅၀ | ၆။ တေးဂီတအစီအစဉ် |
| ၅း၀၅ | ၇။ ရင်မှာစွဲထင် တေးအလှသံစဉ် |
| ၅း၂၅ | ၈။ "ကြယ်စင်ဥယျာဉ်" |
| ၆း၀၀ | ၉။ ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၃၅ | ၁၂။ ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၂၀)** |
| ၈း၀၀ | ၁၄။ ပြည်တွင်းသတင်း |
| | ၁၅။ နိုင်ငံတကာသတင်းများ |
| | ၁၆။ မိုးလေဝသအခြေအနေ |
| | ၁၇။ ရယ်စရာဟာသများ |
| | ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၉)** |
| | ၁၉။ "ရုပ်ရှင်ပဟေဠိ" |
| | ၂၀။ အစီအစဉ်ပြီး၏။ |

# ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်အဘိုးအဘွားများ ၂၀၀၉-၂၀၁၀ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နောက် ဆုံးထား၍ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး ထောက်ခံချက်၊ အမှတ်စာရင်း မိတ္တူတို့ဖြင့် ဓမ္မာရုံဖုန်း-၂၄၁၈၃၀ သို့ ပေးပို့ကြရန် ဖြစ်သည်။ (ကြေးမုံ)

# နှစ်သစ်အကြို အထူးသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

Asia Masters ဟိုတယ်နှင့် နိုင်ငံခြားဘာသာစကား သင်တန်းကျောင်းမှ ဟိုတယ်ကြီးများနှင့် စားသောက်ဆိုင်များတွင် အလုပ်အကိုင်ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် နှစ်သစ်အကြို အထူး Discount သင်တန်းအမျိုးအစား လေးမျိုး ဖွင့်လှစ်ရန်ရှိကြောင်း သိရသည်။

ပထမသင်တန်း အမျိုးအစားမှာ သင်တန်းကာလ နှစ်လသာ ကြာမြင့်သည့် ဟိုတယ်နှင့် စားသောက်ဆိုင် ဝန်ထမ်းကျွမ်းကျင်သင်တန်းများဖြစ်သည်။ အဆိုပါသင်တန်းများတွင် (၁)စားဖိုမှူးသင်တန်း၊ (၂) မုန့်ဖုတ်သင်တန်း၊ (၃) ဘားဝန်ထမ်းသင်တန်း၊(၄) စားပွဲထိုးသင်တန်း၊ (၅) အိပ်ခန်းဆောင်ထိန်းသင်တန်း၊ (၆) ဧည့်ကြိုနှင့် လေယာဉ်မယ်သင်တန်း၊ (၇) အဲယားကွန်းကျွမ်းကျင်သင်တန်း၊ (၈) အရောင်းဝန်ထမ်းသင်တန်းဟူ၍ သင်တန်းအမျိုးအစားရှစ်မျိုး ပါဝင်သည်။ အသက်အရွယ်မရွေး၊ ကျားမမရွေး၊ ပညာအရည်အချင်းမလို မည်သူမဆို တက်ရောက်နိုင်သည်။ သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းက Certificate ချီးမြှင့်မည်ဖြစ်သည်။

ဒုတိယ သင်တန်းအမျိုးအစားမှာ သင်တန်းကာလ တစ်နှစ်ကြာမြင့်မည်ဖြစ်သည့် CTH Diploma in Hotel Management သင်တန်းဖြစ်သည်။ ဘာသာရပ် ၁၀ မျိုး ပါဝင်ပြီး တစ်နှစ်လျှင် စာမေးပွဲ(၃) ကြိမ် ရှိသည်။ မိမိပိုင်နိုင်သည့် ဘာသာရပ်များကို စိတ်ကြိုက်ဖြေဆိုနိုင်သည်။ သင်တန်းပြီးဆုံးပါက အင်္ဂလန်နိုင်ငံ CTH မှ Diploma ချီးမြှင့်မည်ဖြစ်သည်။

တတိယ သင်တန်းအမျိုးအစားမှာ သင်တန်းကာလ နှစ်လစီ ကြာမြင့်မည်ဖြစ်သည့် ဘာသာစကား သင်တန်းများဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား၊ ဂျပန်ဘာသာစကားနှင့် တရုတ်ဘာသာစကား သင်တန်းဟူ၍ သင်တန်းသုံးမျိုးရှိသည်။ အခြေခံအဆင့်မှ စတင်သင်ယူနိုင်သည်။ တက်ရောက်အောင်မြင်သူများအား Asia Masters မှCertificate ပေးအပ်မည်ဖြစ်သည်။

စတုတ္ထ သင်တန်းအမျိုးအစားမှာ ကွန်ပျူတာ သင်တန်းများဖြစ်သည်။ သင်တန်းများတွင် အခြေခံကွန်ပျူတာသင်တန်း၊ အင်တာနက် အသုံးပြုနည်းသင်တန်း၊ DTP၊ Graphic Design နှင့် Auto CAD သင်တန်းများ ပါဝင်သည်။

သင်တန်းအားလုံးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၁၁ နှစ်ကူး အထူးအစီအစဉ်အနေဖြင့် သင်တန်းအမျိုးအစား အားလုံးအတွက် ဒီဇင်ဘာအတွင်း အပ်နှံသူများအား Discount 10 % ပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေနှင့် Asia Masters သင်တန်းကျောင်း အမှတ် (၂၇၇) ဗိုလ်ချုပ်လမ်း အာရှပလာဇာ ဟိုတယ်(မြေညီထပ်) ရန်ကုန်မြို့ ဖုန်း-၃၇၉၃၁၁၊ ၃၉၁၃၇၈)လိုင်းခွဲ (၇၁၅) (၇၃၁၂၁၆၄၃၊ ၇၃၀၅၀၆၀၃) Email kml 1983.a@gmail.com ၊ www.asiamasters.org တို့သို့ ဆက်သွယ်အပ်နှံနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အထက(၁)သာကေတ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အထက(၁)သာကေတတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အသက်(၆၀)ပြည့်၍ အငြိမ်းစား ယူခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင်အထက(၁)သာကေတ မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်သည့် ဦးမောင်ဝင်း ဖုန်း-၃၇၁၉၇၄(ရုံး)၊ ၂၁၇၁၅၄(အိမ်)၊ ဦးမင်းဟန် ဖုန်း-၇၃၀၁၃၇၉၃၊ ဦးစိုးသိန်း ဖုန်း-၃၉၂၇၀၁၊ ၀၉-၅၁၀၈၃၈၅၊ ဒေါ်အေးသန်း(မီဒို) ဖုန်း-၅၄၁၄၇၉၊ ၀၉-၅၁၂၂၇၈၁၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၇၄၀၉၊ ဦးကျော်ဇော ဖုန်း-၅၄၇၃၇၂၊ ၀၉-၅၀၈၆၃၉၄၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၅၁၃၉၇၆၂၊ ဒေါ်စိန်စိန် ဖုန်း-၇၃၀၁၅၂၆၈၊ ဦးနီကိုလေး ဖုန်း-၅၅၇၂၉၉၊ ဒေါ်သိန်းသိန်းဌေး ဖုန်း-၀၉-၅၁၆၄၀၂၃နှင့် ဒေါ်ခင်နွဲ့ ဖုန်း-၅၅၁၄၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

# ပခုက္ကူတွင် ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်

**ပခုက္ကူ ဒီဇင်ဘာ ၂၇**

၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ စတုတ္ထပတ် လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၅ နာရီတွင် ပခုက္ကူမြို့ မြို့မလမ်းရှိ လွတ်လပ်ရေးပန်းခြံမှ မြိုင်လမ်းအတိုင်း ခရိုင်အားကစားပြိုင်ကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းအတွင်း ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အဆိုပါ လမ်းလျှောက်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုရဲမှူးကြီး ဇော်ဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးလေ့ကျင့်ရေးကျောင်းမှ ဆရာ၊ ဆရာမများ၊ မြို့ပေါ်ရှိ ရပ်ကွက် (၁၅) ရပ်ကွက်မှ ပြည်သူများ စုစုပေါင်း ၃၀၀၀ ကျော်တို့ တက်ရောက်ကြကြောင်းသိရသည်။ (ကြေးမုံ)

# ဆေးပညာသတင်းဆန်းများ(၁၀)

ဒေါက်တာ ကံညွန့်

ဒီတစ်ပတ်ဆေးပညာသတင်းဆန်းများ တင်ပြရာမှာ ကလေးသူငယ်တွေအတွက် အရေးကြီးတဲ့ သတင်းတစ်ပုဒ်နဲ့ တင်ပြချင်ပါတယ်။ ကလေးတွေငယ်စဉ်ဘဝမှာ အာဟာရချို့တဲ့တာဟာ ကလေးဘဝမှာပဲ ရောဂါတွေရနိုင်တာမဟုတ်ဘဲ အသက်အရွယ်ကြီးရင့်လာတဲ့အခါလည်း ဦးနှောက်ဟာ ဉာဏ်စဉ်မမီတဲ့ ဦးနှောက်ပိုင်ရှင်တွေဖြစ်လာနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Michigan State University မှ ဆေးပညာရှင်တွေက Social Science and Medicine ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ကလေးငယ်စဉ်က အာဟာရချို့တဲ့ခဲ့တဲ့ မိန်းကလေးတွေမှာ ၃၅ ရာခိုင်နှုန်း ဦးနှောက်ချို့ယွင်းတဲ့ ရောဂါရနိုင်ပြီး ယောကျ်ားလေးတွေမှာတော့ ၂၉ ရာခိုင်နှုန်းရနိုင်ကြောင်း၊ ဒါဟာ အသက် ၆၅ နှစ်ကျော်တဲ့အခါ ပိုသိသာလာနိုင်ကြောင်း၊ ဒါကြောင့် ကလေးသူငယ်တွေမှာ အာဟာရမချို့တဲ့အောင် စီစဉ်ဆောင်ရွက်ဖို့ နိုင်ငံတိုင်းက အုပ်ချုပ်သူတွေကို အသိပေးတိုက်တွန်းဖို့လိုကြောင်း တင်ပြထားကြပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ အသက်အရွယ်ကြီးလာတဲ့အခါ Vitamin D လျော့နည်းလာခြင်းဟာ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် တခြား Metabolic ရောဂါများကို ပိုဖြစ်စေနိုင်ကြောင်း လေ့လာထားချက်ကိုလည်း တင်ပြလိုပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ San Diego မြို့မှာ ကျင်းပတဲ့ Endocrine Society အသင်းကြီးရဲ့ (၉၂)ကြိမ်မြောက်ညီလာခံမှာ တင်သွင်းခဲ့တာဖြစ်ပါတယ်။

ဒါနဲ့အတူပဲ နောက် အမေရိကန်နိုင်ငံ (Journal of American Medical Association JAMA) က ထုတ်ဝေတဲ့ သတင်းတစ်ပုဒ်မှာတော့ အသက်အရွယ်ကြီးလာချိန်မှာ Vitamin D က လိုသည်ထက်ပိုပြီးပေးတာဟာ မသင့်တော်ကြောင်း၊ အရိုးအလွယ်တကူ ကျိုးလွယ်တာကိုလည်း မကာကွယ်နိုင်ကြောင်း၊ ဒါကြောင့် နေရောင်ခြည် တစ်နှစ်ပတ်လုံး မရနိုင်တဲ့ အရပ်ဒေသမျိုးမှာ ပေးလေ့ပေးထရှိသော တစ်နှစ်တစ်ခါ Vitamin D ကို High dose ပေးခြင်းကို သက်ကြီးရွယ်အိုတွေမှာ မလုပ်သင့်ကြောင်း တင်ပြထားပြန်ပါတယ်။

နောက်ထပ်သတင်းတစ်ပုဒ်မှာတော့ ကမ္ဘာမှာ တားမရအောင် ကူးစက်ပြန့်ပွားနေတဲ့ AIDS ရောဂါဆိုးကို တိုက်ဖျက်ဖို့ ဆေးသိပ္ပံပညာရှင်တွေရဲ့ ကြိုးစားမှုဟာ အောင်မြင်ဖို့ လက်တစ်ကမ်းသာ လိုတော့တယ်ဆိုတဲ့ သတင်းဖြစ်ပါတယ်။

**ပထမသတင်းက အမေရိကန်နိုင်ငံ လော့အိန်ဂျယ်လိစ်မြို့မှ အမေရိကန် သုတေသနပညာရှင်တွေရဲ့ တွေ့ရှိချက်သတင်းပါပဲ။ University of Southern Califonia, Keck School သုတေသနဌာနမှ သိပ္ပံပညာရှင်များဟာ Stem Cell ကို HIV Resistant Immune Cell ဖြစ်အောင် ပြုပြင်ပြီး သွေးကြောထဲ ထိုးသွင်းစမ်းသပ်လိုက်တဲ့အခါ သွေးထဲမှာ HIV Immune Cells တွေ ပွားများလာပြီး HIV ရောဂါဖြစ်နိုင်တာကနေ လုံးဝကာကွယ်နိုင်ပြီဆိုတဲ့ သတင်းပါပဲ။ ဒါဟာ ကြွက်တွေမှာ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီး လူတွေကို စမ်းသပ်ကြည့်ရုံသာ ကျန်တော့ကြောင်း ကြေညာလိုက်ကြပါတယ်။**

**တစ်ပြိုင်နက်တည်းမှာလည်း Cannon' Stra- tegy အနေနဲ့ ပြုလုပ်နေတဲ့ သုတေသနဌာနကလည်း လူတွေရဲ့ သွေးထဲမှာရှိတဲ့ CCRS ခေါ်တဲ့ Gene ကို Mutation လုပ်ပြီး စမ်းသပ်ကြည့်တဲ့အခါ HIV ပိုးကို ခံနိုင်အား Resistance သိသာစွာ တိုးပွားလာပြီး AIDS ရောဂါဖြစ်သည်အထိ HIV ပိုးများ မပြန့်ပွားလာနိုင်ကြောင်း တွေ့ရတယ်လို့ ကြေညာလိုက်ပြန်ပါတယ်။**

**နောက်သတင်းတစ်ပုဒ်မှာတော့ အမေရိကန်နိုင်ငံ Pittsburgh မြို့မှာ ကျင်းပခဲ့တဲ့ International Microbiocide Conference ကြီးမှာ တင်ပြခဲ့တဲ့ သတင်းတစ်ပုဒ်ဖြစ်ပါတယ်။ ယင်းသတင်းကတော့ ယခင် HIV ပိုးကို တားနိုင်တဲ့ Vaginal Gels အမျိုးမျိုးကို အမျိုးသမီးများရဲ့ မိန်းမကိုယ်ထဲမှာ ထည့်ပြီး စမ်းသပ်ကြည့်ခဲ့ကြပေမယ့် မအောင်မြင်ခဲ့ကြပါဘူး။ ယခုအခါ ယင်း Gels တွေထဲမှာ HIV ပိုးသေစေနိုင်တဲ့ Microbiocide ဆေးတွေကိုပါ ထည့်ပြီး ယခင်က ပဋိသန္ဓေတားရာမှာ အသုံးပြုခဲ့တဲ့ (Contraceptive Stylering) နဲ့ပူးတွဲအသုံးပြုပါက Condom အသုံးမပြုလိုတဲ့ ယောကျ်ားတွေရဲ့ အန္တရာယ်က ရာနှုန်းပြည့် ကာကွယ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရကြောင်း တင်ပြထားကြပါတယ်။**

**ဒီလိုသတင်းတွေ ထွက်ပေါ်လာပြီး ယခုနောက်ဆုံးသိရတဲ့ သတင်းကတော့ အထူးအားတက်ဖွယ်ဖြစ်ပါတယ်။ ယင်းသတင်းကတော့ အမေရိကန်နိုင်ငံ ဆေးသုတေသနအသင်းကြီးရဲ့ တွေ့ရှိချက် ဖြစ်ပါတယ်။ ၎င်းတို့ဟာ AIDS ရောဂါရှင်နှင့် ပေါင်းသင်းခဲ့ပြီး AIDS ရောဂါရှိမရှိ လာရောက် စမ်းသပ်ခံခဲ့သူ အမည်မဖော်လိုသူ တစ်ဦးထံမှ သွေးကို စမ်းသပ်လိုက်သောအခါ AIDS ရောဂါကို တိုက်ဖျက်နိုင်စွမ်းရှိတဲ့ Anitbodiesများ တွေ့ရှိခဲ့ရတယ်ဆိုတဲ့ သတင်းပဲဖြစ်ပါတယ်။ ၎င်း လူနာမှာလည်း AIDS ရောဂါလက္ခဏာ ဖြစ်မလာဘဲ မည်သို့မည်ပုံ ယခုကဲ့သို့ ပဋိစွမ်းအင်များ ပေါ်လာရတယ်ဆိုတာ လေ့လာပြီး ဖော်ထုတ်နိုင်ပါက AIDS ရောဂါကို ကာကွယ်နိုင်တဲ့ Vaccine တစ်ခုကို အောင်မြင်စွာ ဖော်ထုတ်နိုင်တော့မှာ ဖြစ်ကြောင်း ကြေညာလိုက်ကြပါတယ်။ ဒါဟာ အထူးဝမ်းမြောက်စရာ သတင်းဖြစ်လို့ အများပြည်သူများ ဝမ်းသာနိုင်ကြစေရန် တင်ပြလိုက်ရပါတယ်။**

နောက်ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆီးချိုဝေဒနာရှင်တွေအတွက် ဖြစ်ပါတယ်။ အမှတ်(၂)အမျိုးအစား ဆီးချိုဝေဒနာရှင်တွေဟာ ဖွဲနုပါတဲ့ဆန်ကို စားသုံးသင့်ကြောင်း၊ ၎င်းဖွဲနုများများပါတဲ့အစားအစာမျိုးကို စားသုံးနေပါက ဆီးချိုရောဂါရဲ့ နောက်ဆက်တွဲဖြစ်ပေါ်မယ့် နှလုံးရောဂါဖြစ်ပေါ်လာခြင်းကိုလည်း တားနိုင်ကြောင်း Reuter သတင်းဌာနရဲ့ ကျန်းမာရေးသတင်းမှာ ဖော်ပြထားပါတယ်။ မဖွပ်ရသေးတဲ့ဆန်မှာ အလွှာသုံးခုပါရှိကြောင်း၊ အပေါ်ယံအလွှာဖြစ်တဲ့ ဖွဲနုအမျှင်ဓာတ်နှင့် မျိုးစေ့တို့ပါဝင်ကြောင်း၊ လျှော်ဖွပ်လိုက်တာနဲ့ ၎င်းဓာတ်များ ပျောက်ပြယ်သွားကြောင်း၊ ဒါကြောင့် မဖွပ်ရသေးတဲ့ဆန်၊ ဆန်လုံးညို၊ ပေါင်မုန့်ညိုနှင့် ဂျုံတို့ကို စားသုံးသင့်ကြောင်း တင်ပြထားပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ Mobile Phone သုံးစွဲသူတွေမှာ ဦးနှောက်ကင်ဆာ၊ နားအတွင်းပိုင်းကင်ဆာ (Acoustic Ncuroma) တို့ ဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ အရင်တုန်းက ဖော်ပြခဲ့တဲ့ သတင်းတွေဟာ မဟုတ်မှန်ကြောင်း၊ ယခု အကြီးအကျယ်ဆုံးပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ခုအရ သိရကြောင်း ယခင်အပတ်က ထုတ်ဝေခဲ့တဲ့ International Journal of Epidermiology မှာ ဖော်ပြထားတဲ့ သတင်းကို တင်ပြလိုပါတယ်။

၎င်းတို့ဟာ နိုင်ငံပေါင်း ၁၃နိုင်ငံက (Glioma) ခေါ် ဦးနှောက်အကျိတ် ရောဂါတစ်မျိုးခံစားရသူ ၂၇၀၈ဦးနှင့် Meningioma ခေါ် ဦးနှောက် အမြှေးအကျိတ်ရောဂါခံစားခဲ့ရသူ ၂၄၀၉ ဦးကို ၁၀နှစ်ကြာ သုတေသနပြုခဲ့ကြတာ ဖြစ်ပါတယ်။ ၎င်းတို့ကို Mobile Phone တွေသုံးပြီး အမျိုးမျိုးစမ်းသပ်ကြည့်ခဲ့ကြပြီး ဘယ်လိုမှပြောင်းလဲမှုတွေ ဖြစ်ပေါ်တာ မတွေ့ရကြောင်း၊ Mobile Phone သာမန်သုံးစွဲသူတွေမှာတော့ အန္တရာယ်မရှိနိုင်ကြောင်းနှင့် အလွန်အသုံးများသူ (အပြင်းအထန်သုံးစွဲသူ) တို့မှာတော့ အန္တရာယ်မရှိဘူးဆိုတာ ပြောမရနိုင်သေးကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

# ကမ္ဘာ့ရုပ်ရှင်နေ့

(၂၈-၁၂-၁၈၉၅ / ၂၈-၁၂-၂၀၁၀)

ကြည်စိုးထွန်း

စာပေ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင် အစရှိသော အနုပညာရပ်များထဲတွင် 'ရုပ်ရှင်' 'ဗီဒီယို' တို့သည် အလွန် သက်တမ်းနုလှသော အနုပညာများဖြစ်ကြလေသည်။

စာပေ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်တို့၏ သက်တမ်းကို တွက်စစ်ကြည့်ပါက နှစ်ပေါင်းထောင်ကျော် အချိန်ကာလကတည်းက ပေါ်ထွန်းလာကြသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ရုပ်ရှင်အနုပညာသက်တမ်းကတော့ ယခုမှနှစ်ပေါင်း ၁၁၅ နှစ်မျှသာရှိသေးသည်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ (ယနေ့)သည် ရုပ်ရှင်သက် ၁၁၅ နှစ်ပြည့်သော အချိန်သမယပင်ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၁၅ နှစ်အချိန်က ပြင်သစ်နိုင်ငံ ပါရီမြို့ Bovlevard des Capucines, Hotel Scribe, Grand Cafe တွင် ရုပ်ရှင်ကားတိုလေးများ ပြသခဲ့သည့် အဖြစ်အပျက်ကို ရုပ်ရှင်စတင်ပြသသည့်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြင့် ထိုနေ့သည် ကမ္ဘာ့ရုပ်ရှင် မွေးဖွားလာသည့်နေ့အဖြစ် ပေါ်ထွန်းလာခဲ့သည်။ ပရိသတ်က ၃၅ ယောက်၊ ရုံဝင်ခက ပြင်သစ်ငွေ တစ်ဖရန့်၊ တီထွင်ပြသသူ ညီအစ်ကိုနှစ်ဦးက ပြင်သစ်လူမျိုး လူဝီးစ်လူမီးယား (Lowis Lumiere)နှင့် ဩဂတ်စတီး လူမီးယား (Auguste Lumiere) တို့ဖြစ်ကြသည်။ ပြသသည့်စက်အမည်က Cinematographe ဖြစ်၏။

ထို Cinematographe ပြစက်ကို အစွဲပြုကာ Cinema ဆိုသော စကားလုံးပေါ်ထွန်းလာပြီး ယခုအခါ ရုပ်ရှင်လောကကြီးကိုလည်းကောင်း၊ ရုပ်ရှင်ရုံများကိုလည်းကောင်း Cinema ဆိုသော စကားလုံးက ကိုယ်စားပြုလာလေသည်။

ရုပ်ရှင်ဆိုသော အရာတစ်ခုပေါ်ပေါက်လာစေရန် အဓိကလိုအပ်ချက်များမှာ-

(၁) လူ သို့မဟုတ် အရာဝတ္ထုတစ်စုံတစ်ရာ၏ လှုပ်ရှားပုံကို အစီအစဉ်လိုက် မှတ်တမ်းတင်နိုင်သောစက် (ကင်မရာ)

(၂) အထက်ပါပုံများကို မှတ်သားနိုင်သောပစ္စည်း (ဖလင်)

(၃) ထိုဖလင်ကို ပြန်မောင်းပြီး အရုပ်ထင်စေနိုင်သောစက် (ပြစက်=Projector)

(၄) ပြစက်မှ ထွက်ပေါ်လာသော အရုပ်များကို လက်ခံပေးပြီး ပရိသတ်ကို ပြသပေးနိုင်သော ပြကွင်း (ပိတ်ကား၊ Screen)

တို့ ဖြစ်ကြသည်။ ထိုအချက် လေးချက်ပြည့်စုံ အောင် အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလိပ်အစရှိသော




နိုင်ငံသားများ ၁၉ ရာစုအတွင်း ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ကြသောကြောင့် ယနေ့ ကျွန်ုပ်တို့ ကြည့်ရှုနေရသော 'ရုပ်ရှင်' ဆိုသည့်အရာ ပေါ်ပေါက် လာရခြင်းဖြစ်လေသည်။

၁၈၉၅ ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့ကို ရုပ်ရှင်နေ့ဟု သတ်မှတ်နေလင့်ကစား အထက်ပါအချက်လေးချက်




နှင့် ပြည့်စုံပြီး လူတို့အား ရုပ်ရှင်သဖွယ် လှုပ်ရှားမှု အရုပ်များ ပြသနိုင်ခဲ့သည်မှာ ၁၈၉၁ ခုနှစ်ကတည်းက ဖြစ်လေသည်။ စက်အမည်က 'ကီနီတိုဂရပ်'၊ ပြစက်အမည်က 'ကီနီတိုစကုပ်' ဖြစ်လေသည်။ ၁၈၉၃ ခုနှစ်တွင် တီထွင်ခဲ့သည်။ တီထွင်သူက 'သောမတ်အက်ဒီဆင်'။

သို့သော် ဘာကြောင့် ထို ၁၈၉၃ ခုနှစ်ကို ရုပ်ရှင်နေ့ဟု မသတ်မှတ်ရပါသနည်းဟူမူ ထိုကီနီတိုဂရပ်ခေါ် ပြစက်သည် တစ်ကြိမ်တွင် လူတစ်ဦးသာ ကြည့်နိုင်ပြီး ကလေးကစားစရာပစ္စည်းသဖွယ် ဖြစ်နေသောကြောင့် အက်ဒီဆင်သည် ရုပ်ရှင်ဖခင် ဘွဲ့ထူးနှင့် ဝေးခဲ့ရလေသည်။

ထို့အတူ ဂျာမနီနိုင်ငံမှ ဂျာမန်လူမျိုးညီအစ်ကိုနှစ်ဦးဖြစ်သော မက်(စ်)စကလာဒန်နိုဒကီ (Max Skladanowsky) နှင့် အီးမယ်စကလာန်နိုစကီ (Emil Skladanowsky) တို့သည်လည်း လူမီးယား ညီအစ်ကို (Lumiere Brothers) တို့ထက် အချိန်ပိုစောစွာ ၁၈၉၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြသနိုင်ခဲ့သော်လည်း ၎င်းတို့ တီထွင်ထားသော ရိုက်စက်နှင့် ပြစက်က လူမီးယားညီအစ်ကိုတို့ တီထွင်ထားသော Cinematographe ပြစက်လောက် အရုပ်လှုပ်ရှားမှု မကောင်းသောကြောင့် သူတို့သည်လည်း ကမ္ဘာ့ရုပ်ရှင်ဖခင်အဖြစ် ရောက်ရှိမလာခဲ့ကြပေ။

စကာလာဒင်နိုစကီ ညီအစ်ကိုတီထွင်သော ပြစက်အမည်မှာ 'ဘိုင်အိုစကုပ်' (Bioscope) ဖြစ်ပြီး မှန်ဘီလူးနှစ်လုံးတပ်ကာ ဖလင်နှစ်လိုင်းဖြင့် ရိုက်ကူးပြသည်။ ထို့ကြောင့်လည်း အရုပ်ထင်သည့်အခါ ဆက်တိုက်မဖြစ်ဘဲ ကြားတွင် လစ်ဟာသွားလေ့ရှိသောကြောင့် သဘာဝလှုပ်ရှားမှုအတိုင်းဖြစ်မလာချေ။

သို့သော် သူတို့၏ ဘိုင်အိုစကုပ်ဆိုသော စကားလုံးမှာလည်း ရုပ်ရှင်ပေါ်စက ပရိသတ်တော်တော်များများက ရုပ်ရှင်ကို ဘိုင်အိုစကုပ် (သို့မဟုတ်) ဘိုင်စကုပ်ဟုခေါ်ခဲ့လေ့ရှိကြောင်း တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ရုပ်ရှင်သမိုင်း သုတေသီအများစုနှင့် ရုပ်ရှင်ပညာသည်အများစုက ၁၈၉၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ကို ရုပ်ရှင်မွေးနေ့ဟု သတ်မှတ်ပြီး 'ရုပ်ရှင်' ပေါ်ပေါက်လာခဲ့ရာ ကမ္ဘာနှင့်အဝန်း ရုပ်ရှင်သည် လူကြိုက်များလာခဲ့သည်မှာ ကြာလေပြီ။

ရုပ်ရှင်သည် ဖျော်ဖြေမှုအတွက်လည်းကောင်း၊ ပညာပေးအတွက်လည်းကောင်း၊ အနုပညာပစ္စည်းတစ်ရပ်ဖြစ်ကြောင်း မည်သူမှ မငြင်းဆိုနိုင်ကြပေ။

၁၉၂၀ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့မှ အစပြုပြီး မြန်မာ့ရုပ်ရှင်များပေါ်ထွန်းလာခဲ့သည်မှာလည်း နှစ်ပေါင်း ၉၅ နှစ်ပင် ကျော်လာခဲ့ချေပြီ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရှင်သည် ဖျော်ဖြေမှုသက်သက်မျှသာမဟုတ် ပညာပေး၊ အနုပညာမြင့်မားရေးတာဝန်များကိုပါ လုပ်ဆောင်ရသည်ဖြစ်သောကြောင့် မြန်မာ့ရုပ်ရှင်လောကသားများသည်လည်း ရုပ်ရှင်ဖြင့် ပညာပေးနိုင်ရေး၊ အနုပညာမြင့်မားအောင် ဖန်တီးနိုင်ရေးအတွက် ကမ္ဘာ့ရုပ်ရှင်နေ့တွင် သတိပြုကာ ကြိုးစားအားထုတ်သင့်ကြပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။

# ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ အဆင့်မြင့်မျိုးဘဲမွေးမြူရေးခြံသို့ ရောက်ရှိရာ မွေးမြူရေး အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေနှင့် တာဝန်ရှိသူများက မျိုးဘဲအထီးလိုင်းနှင့် အမလိုင်းများ မွေးမြူထားမှုနှင့် စခန်း၏ ဇီဝလုံခြုံရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး မျိုးဘဲမွေးမြူရေးခြံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ငါးမွေးမြူရေး စခန်းသို့ရောက်ရှိပြီး ငါးသားဖောက် မွေးမြူထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး ပျဉ်းမပင် ဝက်မျိုးသန့် မွေးမြူထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံနှင့် တာဝန်ရှိသူများက ဝက်မျိုးသန့်များ ပြုစုမွေးမြူထားရှိမှု အခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဝက်မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ဘုရားကြီး ကျေးရွာရှိ အဆင့်မြင့်မျိုးဘဲ မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(မွေး/ရေ)





# ၂၀၁၀ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ မီနီနှင့် ဂျူနီယာ တင်းနစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံ ပညာကျောင်းပေါင်းစုံ မီနီနှင့်ဂျူနီယာ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင်ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီး ဌာနနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်ခရာနှင့် ပန်းဖွားအကဖြင့် ဧည့်ခံဖျော်ဖြေပြီး ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်အသင်းများ သတ်မှတ်နေရာများ၌ နေရာယူကြကာ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင် မော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများ ပြန်လည်ထွက်ခွာသွား ကြသည်။

ယင်းနောက် ပထမနေ့ သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ် များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Hospitality Management Course သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့်ဝင်ရောက် လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင် ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်း အပတ်စဉ် အသစ်ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ပထမ ပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

HND - BETEC (UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များကို အခြေခံပြီး နိုင်ငံတကာ ဟိုတယ်လုပ်ငန်း အတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက် ကျွမ်းကျင်သည်အထိ သင်ကြားပေးမည် ဖြစ်ပြီး Leadership & People Management, Human Resources Management , Sale & Marketing Management , Front Office Management , Food & Beverage Management, Housekeeping Management စသည့်ဘာသာရပ်များ ကို သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ ငါးလကြာမြင့်မည် ဖြစ်ကာ စာတွေ့သာမက လက်တွေ့ပိုင်း သင်ခန်းစာများကို ထိရောက်အောင် သင်ကြားပေးမည်ဖြစ်သဖြင့် Management Skills ကို အမှန်တကယ်ရရှိမည် ဖြစ်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့ ပြန်လည် အသုံးချနိုင်မည် ဖြစ်သည်။ လက်ရှိဟိုတယ်တွင် တာဝန်ထမ်းဆောင် နေသော ဝန်ထမ်းများအတွက်လည်း Management Skills များ ပိုမိုသိရှိ နားလည်စေရန်အတွက် ရည်ရွယ်ပြီး သင်တန်းကြေး အထူးနှုန်းနှင့် Duty ချိန်လွတ် သင်တန်းများကိုလည်း စီစဉ် ပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင် ကြောင်း သိရသည်။

(သတင်းစဉ်)



**မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ အလယ်ပိုင်း ရပ်ကွက် အမကဦ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး (ဒုတိယဦးစီးမှူး) ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



### ကွင်းဆင်းကြီးကြပ်

**မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မောင်တော- ကြိမ်ချောင်း လမ်းပေါ်ရှိ တံတားအမှတ်(၁) တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခင်မောင်ဦးလုပ်ငန်းဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# သက်မွေးပညာ သင်တန်းဆင်းပွဲ မောင်တောခရိုင်၌ ကျင်းပ

**မောင်တော ဒီဇင်ဘာ ၂၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာ ရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၀/၂၀၁၀)နှင့် အဆင့်မြင့် သင်တန်းအမှတ်စဉ် (၂၆/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်တွင် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက် ကြသည်။

အခြေခံအိမ်တွင်းမှု သင်တန်းတွင် သင်တန်းသူ ၃၈ ဦးနှင့် အဆင့်မြင့် သင်တန်းတွင် သင်တန်းသူ ၁၇ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး နယ်လှည့်ဖွံ့ဖြိုးမှု ကြီးကြပ်ရေး လက်ထောက်ညွှန်ကြားရေး မှူးဦးသန့်စင်က သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များပေး အပ်ခဲ့ကြောင်းသိရသည်။(ခရိုင်ပြန်/ဆက်)



**တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်းရဲကျော်စွာလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော် ငြိမ်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်နီနီသွင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# အထက(၂)ဒဂုံ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂) ဒဂုံ(မြို့မ) ကျောင်းသူ၊ ကျောင်းသား ဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက(၂)ဒဂုံ ဦးဘလွင်ခန်းမ၌ ကျင်းပမည် ဖြစ်ရာ ကိုအောင်မိုးသိန်း ဖုန်း-၀၉-၅၀၇၀၃၄၂၊ ဒေါက်တာဆွေလှ ဖုန်း-၀၉-၅၀၀၁၃၀၀၊ မဆွေမျိုးမြင့် ဖုန်း-၅၇၇၄၀၉၊ ဒေါက်တာ အောင်ကျော်လင်း ဖုန်း-၂၂၄၇၄၄၊ မစာဆို ဖုန်း-၀၉-၅၀၈၇၀၄၄၊ မစပါယ် ဖုန်း-၂၂၄၇၄၄၊ မစန်းစန်းဝင်း ဖုန်း-၃၈၃၇၇၃၇၊ ကိုသတိုးကြည်ဆွေ ဖုန်း-၅၄၁၁၂၃၊ မခင်မိုးလွင် ဖုန်း-၀၉-၅၁၅၈၃၅၂၊ မမြမြကြွယ် ဖုန်း-၀၉-၅၁၅၄၈၂၆နှင့် ကိုဗညား ဖုန်း-၀၉-၈၀၃၀၇၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (ကြေးမုံ)

# ၁၉၇၂-၇၇ ဥပဒေကျောင်းသားများ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ဥပဒေကျောင်းသားများ၏ ၁၉၇၂-၇၇ အာစရိယ ပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ရက် နံနက် ၉နာရီတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်းရှိ အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အပန်းဖြေခရီးကို ဇန်နဝါရီ ၁ရက်မှ ၄ ရက်နေ့အထိ သွားရောက်မည်ဖြစ်သည်။ ဦးသန်းဝင်း ဖုန်း-၀၆၇-၄၀၄၁၆၀၊ ဦးဇေယျာမောင် ဖုန်း-၀၉-၂၂၀၂၁၁၊ မလှထွေး ဖုန်း-၀၉-၂၂၀၅၉၀၉၊ မစမ်းစမ်းအေး ဖုန်း-၀၉-၂၀၀၂၀၉၁၊ မနွဲ့နွဲ့ ဖုန်း-၀၅၄၂၃၆၀၂၊ မမြင့်မြင့်သိန်း ဖုန်း-၃၆၅၅၀၀နှင့် ဦးကျော်ဆန်းနိုင် ဖုန်း-၀၉-၅၀၂၆၈၃၃တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

**ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံး ငွေရင်းလုပ်ငန်းဖြစ်သော ပုလော- လက္ကူး-တို လမ်းပေါ်ရှိ ကျောက်စီ ကမ်းကပ်ခုံ သစ်သားတံတား ဆောက်လုပ်နေမှုကို အမှုဆောင် အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
## ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

## ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
## ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
## ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

**ကမ္ဘာ့အမာဆုံးစိန်**



**ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော ကမ္ဘာ့အမာဆုံးစိန်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ- အင်တာနက်)*

## ကမ္ဘာ့အမာဆုံးစိန် ဂျပန်သိပ္ပံပညာရှင်များ ထုတ်လုပ်

တိုကျို ဒီဇင်ဘာ ၂၇

**ကမ္ဘာပေါ်တွင် အမာဆုံးစိန်ကို ဓာတ်ခွဲခန်းအတွင်း ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ယနေ့ ထုတ်ပြန်ကြေညာသည်။**

နည်းပညာသစ်ဖြင့် တီထွင်ဖော်ထုတ်ထားသော လူလုပ်စိန်သည် သဘာဝစိန်ထက်ပင် ပိုမိုမာကျောမှုရှိကြောင်း ဂျပန်နိုင်ငံရှိ အိမ်မီတက္ကသိုလ်မှ သုတေသနအဖွဲ့က ပြောကြားသည်။

မိမိတို့ သုတေသနအဖွဲ့သည် လွန်ခဲ့သည့်နှစ်မတ်လမှစ၍ အိုဆာကာမြို့အခြေစိုက် ဆူမစ်တိုမို လျှပ်စစ်စက်မှုလုပ်ငန်းလီမိတက်မှ သုတေသီများနှင့် ပူးပေါင်းကာ ကမ္ဘာပေါ်တွင် အမာဆုံးစိန် ထုတ်လုပ်နိုင်ရန် လေ့လာခဲ့ကြကြောင်း အိမ်မီတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

**အင်တာနက်**
**နည်းပညာသိပ္ပံသတင်း**
ဘာသာပြန် - သတင်းလုလင်

## ညအပူချိန်များ ဆက်လက်လျော့နည်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ယနေ့နံနက် ၆ နာရီခွဲအချိန်တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ညအပူချိန်များသည် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့၌ ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းနေခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသအချို့တွင် ညအပူချိန်များ စံချိန်တင် အအေးပိုနေခဲ့ကြောင်း တိုင်းထွာရရှိကြောင်း သိရှိရသည်။

ညအပူချိန်များ လျော့နည်းနေမည့် မိုးလေဝသအခြေအနေသည် အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အထိ ဆက်လက်တည်ရှိနေနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## အနိမ့်ဆုံးအပူချိန် စံချိန်သစ်များ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၇ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အနိမ့်ဆုံးအပူချိန်စံချိန်သစ် တိုင်းထွာရရှိခဲ့သော စခန်းများကို ပေးပို့ခဲ့သည်-

| စဉ် | စခန်းအမည် | စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့် နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ပင်လောင်းမြို့ | -၄. ၅ | ၂၄ | -၃. ၂ | ၂၆ | ၂၆-၁၂-၂၀၁၀ | ၄၄ |
| ၂။ | ဟဲဟိုးမြို့ | -၂. ၀ | ၂၈ | -၁. ၃ | ၃၀ | ၂၆-၁၂-၁၉၉၉ | ၃၂ |

(သတင်းစဉ်)